Tenancy Services

# အိမ်ငှားများ

## သင့်ရဲ့အခွင့်အရေးကိုသိထားပါ

ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက် **www.tenancy.govt.nz** သို့ဝင်ရောက်ကြည့် ရှုပါ



MINISTRY OF BUSINESS, INNOVATION & EMPLOYMENT
HĪKINA WHAKATUTUKI

# အိမ်ငှားလား၊အတူနေ ဖလက်မိတ်လား?

## အိမ်ငှား

သင့်သည်အိမ်ရှင်နှင့်နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း သဘောတူညီချက်ရှိပါက ၄င်း အိမ်တွင်နေသည့် အိမ်ငှား ဖြစ်သည်။

သင့်ကိုအခြားအိမ်ငှားတစ်ဦး သို့မဟုတ် သင်၏ အတူနေအဖော်(ဖလက်မိတ်) များမှထွက်ခွာရန်တောင်းဆိုမရပါ။ အိမ်ရှင်ကသာ သင့်အားအိမ်မှထွက်ရန် အကြောင်းကြားစာပေးနိုင်သည်၊

ငှားသည့် အိမ်ကို ပြောင်းရွှေ့ဝင်ရောက်လာသူ အိမ်ငှား မည်သူမဆို၊ အခြားအိမ်ငှားများနှင့် အတူ အိမ်ငှားခြင်းသဘောတူစာချုပ်ကိုလက်မှတ်ထိုး ပြီး၊ အိမ်ငှားခြင်းတစ်ခုလုံးအတွက် ပူးတွဲ တာဝန်ရှိသည်။

အိမ်ငှားဖော်တစ်ဦးကအိမ် ကိုပျက်စီးစေလျှင်၎င်း၊ အိမ်ငှားခပေးရန် နောက် ကျလျှင်သော်၎င်း၊ ကျန်အိမ်ငှားဖော် များအားလုံးသည်၊ ပျက်ကွက်သူက မပေးသည့် ကြွေးမြီများကို ပေးဆပ်ရန် တာဝန်ရှိသည်။



### အတူနေ ဖလက်မိတ်

သင်ကအိမ်တွင်နေပြီးအိမ်ရှင်နှင့်အိမ်ငှားခြင်း ဆိုင်ရာသဘောတူညီချက်တွင် လက်မှတ်မထိုးပါက သင်သည် အတူနေ ဖလက်မိတ်တယောက်ဖြစ်သည်။

အိမ်ရှင်အိမ်ငှား အက်ဥပဒေသည်၊ အတူနေ ဖလက်မိတ်များအတွက်အကျုံးမဝင်ပါ။ အိမ်ရှင်နှင့်အိမ်ငှားများအတွက်သာ အကျုံးဝင်သည်၊ အတူနေ ဖလက်မိတ်အနေဖြင့် သင့်၏အခွင့်အရေးသည် အိမ်ငှားထားသူနှင့် သင်သဘောတူထားသည့် သဘောတူ ချက်တွင်သာမူတည်သည်။

အတူနေဖလက်မိတ်များအိမ်တလုံးတွင်ခွဲဝေနေထိုင်မှုသဘောတူညီချက်ဥပမာကို ကျွန်ုပ်တို့၏ဝက်ဘ်ဆိုက်တွင်ရရှိနိုင်သည် **www.tenancy.govt.nz/flat-housing-agreement**

# အိမ်ရှင်က

- အိမ်ငှားခြင်းမစခင် အိမ်ကို သင့်တင့်လျောက်ပတ်သောသန့်ရှင်းမှုရှိအောင်သေချာ အောင်လုပ်ပါ။
- အိမ်ခြံဝန်းကိုထိန်းသိမ်းပြီးလိုအပ်သောပြင်ဆင်မှုများပြုလုပ်ပါ။
- မီးခိုးသတိပေးစက်၊ အပူကာပစ္စည်းများတပ်ဆင်ခြင်း၊ ကျန်းမာရးနှင့််ပြည့်စုံသော နေအိမ်စံချိန်စံညွှန်းများ၏လိုအပ်ချက်များကိုလိုက်နာပါ။
- ငှားရမ်းခတိုးမြှင့်ခြင်းမပြုမီအနည်းဆုံးရက်ပေါင်း ၆၀ စာဖြင့်ကြိုတင် အကြောင်းကြားစာ ကိုအိမ်ရှင်က ပေးပို့ရမည်။ (နောက်ဆုံးငှားရမ်းခတိုးမြှင့်ချိန်မှ အနည်းဆုံး ၁၂ လရှိလျှင်)
- အိမ်ထဲသို့ဝင်ရန်တရားဝင်အသိပေးစာပေးပါ။
- ၂၃ ရက်အတွင်းစဘော်ငွေကို အပ်နှံပါ၊
- ဆောက်အဦး၊ ကျန်းမာရေးနှင့်လုံခြုံရေးဆိုင်ရာလိုအပ်ချက်များအားလုံးကို လိုက်နာပါ။

# အိမ်ငှားများအတွက် အကြံပြုချက် ၁၃ ချက်

1. သင်၏အခွင့်အရေးများနှင့်တာဝန်ဝတ္တရားများကိုသိရှိရန်နှင့်၊ ကျွန်ုပ်တို့နှင့်မည်သို့ဆက်သွယ်ရမည်ကိုသိရန် (tenancy.govt.nz တွင်ကြည့်ပါ)
2. စာဖြင့်ရေးသားထားသောအိမ်ငှားစာချုပ်ကိုယူထားပါ။
3. အိမ်ငှားခြင်းဆိုင်ရာသဘောတူညီချက်ကို လက်မှတ်ထိုးမီ၊ အိမ်ခြံမြေကိုစစ်ဆေးခြင်း၊ အိမ်၏ အခြေအနေကို စစ်ဆေးချက် အစီရင်ခံစာတွင် ဖြည့်စွက်ခြင်း၊ နေ့စွဲတပ်ခြင်း၊ နှစ်ဦးနှစ်ဖက်လုံးမှ လက်မှတ်ရေးထိုးခြင်းတို့ကို၊ ဆောင်ရွက်ပါ။
4. သင်၏အိမ်ငှားနှင့်သက်ဆိုင်သောမှတ်တမ်းအားလုံးကိုသိမ်းထားပါ။
5. ငွေသားဖြင့်ပေးရသောမည်သည့် အိမ်ငှားခမဆို (သို့မဟုတ်) အိမ်ရှင်အားသင်ပေးချေရသော စဘော်ငွေ တို့တွက် လက်ခံဖြတ်ပိုင်းကိုရယူပါ။
6. အိမ်ငှားခကိုအချိန်မီပေးပါ၊
7. အိမ်ကို သင့်တင့်သောအခြေအနေဖြင့် သန့်ရှင်းသပ်ရပ်စွာထားပါ။
8. တစ်ခုခုကိုပြုပြင်စရာလိုမယ်ဆိုရင်အိမ်ရှင်ကိုပြောပါ။
9. အိမ်ကို တမင် ရည်ရွယ်ချက်ဖြင့် ဖြစ်စေ၊ ဂရုမပြု ပေါ့ဆမှု ကြောင့်ဖြစ်စေ ပျက်စီးအောင် မပြုလုပ်ရ။
10. အိမ်ငှားသက်တမ်းအဆုံးသတ်မည့် ရက် ကို အတိအကျ သတ်မှတ်ဖော်ပြထားခြင်းမရှိသည့် ကိစ္စရပ်များတွင်၊ အိမ်ငှားခြင်း ကို အဆုံးသတ်ရန် (၂၈)ရက် ကြိုတင်အကြောင်းကြားရမည်။
11. အချိန် ကာလတစ်ခုကို တိတိကျကျ သတ်မှတ်၍ ပုံသေငှားထားသောအိမ်အား အိမ်ငှားသက်တမ်း မပြည့်မီ ကြိုတင်အကြောင်းကြားစာဖြင့် စော၍အဆုံးသတ်မရနိုင်ပါ။
12. အကယ်၍၊ သင့်မှာ အိမ်ငှားနေစဉ်ကာလအတွင်း၊ မိသားစုခိုက်ရန် ဖြစ် ပွားခြင်း၊ (သို့မဟုတ်) မိသားစုဝင် တစ်ဦးကတစ်ဦးကိုအနိုင့်အထက်ပြုကျင့်ခြင်း၊ ဖြစ်ရပ်များပေါ်ပေါက်ခဲ့ပါက၊ အနည်းဆုံး (၂) ရက် ကြိုတင် အကြောင်းကြားခြင်းဖြင့်၊ အိမ်ငှားကာလကို အဆုံးသတ်နိုင်သည်။ (ဖြစ်ရပ်မှန်ကန်ကြောင်း၊ သက်သေအ ထောက်အထားပြသခြင်းဖြင့်)
13. ငှားရမ်းမှု ဝန်ဆောင်ခ နှင့် အိမ်ငှားစာချုပ် ပါ အချက်များ ပြင်ဆင်ခြင်းအတွက် အိမ်ရှင်အား ပေးရငွေ တို့ကို အိမ်ငှား ထံမှ မကောက်ခံ ရပါ။



Te Kāwanatanga o Aotearoa
New Zealand Government